


(စာစဉ် - ၁၅)

# ကမ္ဘာပျက်ကပ်က စစ်သည်တော်

ဘာသာပြန်- Swae Nyoe Team

# အခန်း ၂၁၆
## ကြမ်းတမ်းစွာ တိုက်ခိုက်မှု။ ဟေးယွီက ဒရမ်မာထပ်ချိုးပြန်။

*

"သခင်"

ဟေးယွီသည် သူ၏သခင်အန္တရာယ်ကြုံနေမှန် စိတ်စွမ်းအားကနေ သိလိုက်သည်။ ထန်းကျန့်ထင်းက မတုန့်ပြန်နိုင်သေးခင် အနက်ရောင်အရိပ်က တစ်ဟုန်ထိုး ပြေးထွက်သွားလျက် အံ့ဖွယ်သားရဲ အသွင်ပြောင်းလိုက်သည်။ ဟေးယွီသည် ရှေ့တန်းသို့ ဖြတ်ခနဲ ပြေးဝင်သွားသည်။ ချန်ချန်က ထန်းကျန့်ထင်း၏ အဝတ်အစားကို ကိုင်ထား၏။ သူသည် တစ်စုံတစ်ခုကို သဘောပေါက်သွားပုံရသည်။ သူ့မျက်နှာကလေးပေါ်တွင် အပြုံးများ မရှိတော့ပေ။ နှုတ်ခမ်းများက တင်းတင်းစေ့ပြီးသား ဖြစ်သွားသည်။

"ဘာဖြစ်လဲ သွားကြည့်ကြည့် ဟေ့.. ပြန်လာခဲ့ မင်းနဲ့အတူ လူတွေခေါ်သွား"

ထန်းကျန့်ထင်း၏ အားနည်းသော ခန္ဓာကိုယ်က တုန်ရီနေသည်။ သူအမိန့်

ပေးပြီး ချန်ချန်ကို ပွေ့ချီကာ ကောင်လေးကို ချော့မြူလိုက်သည်။
"အဆင်ပြေတယ် အဆင်ပြေတယ် ချန်ချန် သားရဲဦးလေးက ငရဲလိုမာတာ ဖုတ်ကောင်တွေ သူ့ကို ထိခိုက်အောင် မလုပ်နိုင်ဘူး"
စစ်သားများလည်း တွေဝေခြင်းမရှိ ပြေးထွက်သွားသည်။
"ဟုတ်တယ် သားရဲဦးလေးက အာထရာမန်းတစ်ယောက်"
ချန်ချန်က ခေါင်းညိတ်လျက် ထန်းကျန့်ထင်းကို ကိုင်ထားလိုက်သည်။
"အာထရာမန်းက အံ့ဩဖို့ကောင်းတယ်။ ဒီတော့ ဦးဦးချဲ့လည်း အဲ့လိုပဲ"
ချန်ချန်က စဉ်စားလိုက်သည်။
"ဦးဦးဟေးယွီက သူ့သခင်ကို လွမ်းနေတာပဲ ဖြစ်ရမယ်။ အဲဒါကြောင့် သူ ပြေးထွက်သွားတာ။ သားလည်း ဦးဦးချဲ့ကို လွမ်းတယ်"
"အစ်ကို"
ဝေါင်း..
ရှေ့တန်းက လူတိုင်းသည် ဖုတ်ကောင်များကို အမှုမထားဘဲ ယွင်ချဲ့ဆီ ပြေးဝင်သွား၏။ ယွင်ချန်းသည် လေထဲတွင် အော်နေပြီး မျက်ကပ်မှန် ဝတ်ထားသေးသည့်တိုင် မျက်လုံးများက နီရဲလာသည်။ သူက လေကို စုတ်ဖြဲလိုက်သည့်ပမာ ယွင်ချဲ့နားရှိ ဖုတ်ကောင်သားရဲများနှင့် ဖုတ်ကောင်များ အားလုံး ထက်ခြမ်းခြမ်းခံလိုက်ရသည်။ တစ်ကွက်ထဲဖြင့် ယွင်ချန်းသည် ဖုတ်ကောင်တစ်ကောင်ကို သတ်ခဲ့၏။
"အစ်ကို အစ်ကို အစ်ကို ဘယ်မှာလဲ"
သို့သော် ယွင်ချန်းက မြေပြင်ပေါ် ဆင်းသက်လိုက်စဉ် ခန္ဓာကိုယ်အပိုင်းအစများ အလောင်းအပိုင်းအစများထဲမှ ယွင်ချဲ့ကို မတွေ့ရပေ။ ယွင်ချန်းက စိုးရိမ်လွန်ပြီး သူ၏ဂျပ်ကင်ဖြူပေါ်ရှိ သွေးအစွန်းအထင်းများကိုပါ ဂရုမစိုက်တော့ပေ။

"အား.. မင်းတို့ ငါ့ရဲ့အစ်ကိုကို ဘယ်မှာ ဖွက်ထားလိုက်လဲ။ အစ်ကို အစ်ကို"

ယွင်ချန်း ရူးသွပ်သွားတော့၏။ သူသည် ဖုတ်ကောင်များဆီသို့ ရူးသွပ်စွာ တိုးဝင်သွားလျက် သူ၏လက်များဖြင့် လေကို ဆက်တိုက် ဆုတ်ဖြဲနေ၏။ အနားရှိ ဖုတ်ကောင်များသည် ထွက်မပြေးရသေးခင် ထက်ခြမ်း ခြမ်းခံလိုက်ရ၏။ ထင်ယောင်ထင်မှားဖြစ်စေသည့် အကောင်းဆုံးအပိုင်းက ယွင်ချန်းသည် ဖုတ်ကောင်များကို ထိပင်မထိခဲ့တာပဲ ဖြစ်သည်။

"ချဲ့ ချဲ့ သူကို ရှကြ"

ယွင်ချဲ့ကြောင့် ရှင်းဖုန်း၏လမ်းတွင် ပိတ်ဆို့နေသော ဖုတ်ကောင်သားရဲများနှင့် ဖုတ်ကောင်များ အသတ်ခံလိုက်ရသည်။ ရှင်းဖုန်းသည် နေရာအနှံ့ ခန္ဓာကိုယ် အစိတ်အပိုင်းများကို မြင်သောအခါ ဒယိမ်းဒယိုင် ဖြစ်သွား၏။ သူက သေပြီးသော ဖုတ်ကောင်တွေ ကြားတိုးဝင်ကာ ယွင်ချဲ့၏ခန္ဓာကိုယ် အစိတ်အပိုင်းများ တွေ့ရမည်ကို ကြောက်ရွံ့နေသည်။

"ချဲ့ ခေါင်းဆောင်ယွင်.. ဒီတိုင်းထားမသွားပါနဲ့ ချဲ့"

ချောင်ယန်းနှင့် ထိပ်ဦးအဖွဲ့မှ လူများသည် တိုက်ခိုက်ခြင်းကို ရပ်ပြီး ယွင်ချဲ့ကို စတင်ရှာဖွေနေသည်။ ကျန်းယာဖေးဆို မျက်ရည်များပါ ကျလာပြီ ဖြစ်၏။ နေ့အချိန်ဆိုပါက ယဲ့ရှင်းချန်းနဲ့ လူအများ၏ နီရဲနေသည့် မျက်ဝန်းများကို မြင်ရပေမည်။ ယွင်ချဲ့က သူတို့အသက်ထက် ပို၍ပင် အရေးကြီးသည်။ ယွင်ချဲ့မရှိဘဲ ထိပ်ဦး မရှိနိုင်ပေ။

"ငါတို့ကို ကာပေး "

ယွင်ချန်းက သောင်းကြမ်းနေပြီး ဖုတ်ကောင်များက မတိုက်ခိုက်ရဲတော့ပေ။ သို့သော် ဖုတ်ကောင်သားရဲများက မရပ်တန့်။ ထန်းဝေယဲ့က အော်လိုက်ပြီး မြောင်ရှင်းပိုင်ဆီသို့ ဝေါကီတော်ကီကို ပစ်ပေးလိုက်ကာ ရှာဖွေရေး၌ ရှင်းဖုန်းနဲ့ ပူးပေါင်းလိုက်သည်။ လူတိုင်းက တိရစ္ဆာန်

အသေကောင်များပမာ စနစ်မကျဘဲ ရှာဖွေနေလေ၏။ ယွင်ချဲ့ ပျောက်ချိန်ကြာလေလေ သူတို့ ပိုစိတ်ပျက်လာလေ ဖြစ်သည်။ မြောင်ရှင်းပိုင်က သူတို့လုံခြုံရေးအတွက် တာဝန်ယူထားရသည်။ သူသည် ရှာဖွေရေးအသင်းကို ဖုတ်ကောင်သားရဲများထံမှ ကာကွယ်ရန် အကာအကွယ် ပိုက်ကွန်များကို ဆောက်ဖို့ စွမ်းအားရှင်များကို အမိန့်ပေးလိုက်သည်။

"မင်းတို့ ဘာလုပ်နေတာလဲ"

"သခင်"

ယွင်ချဲ့က ဖုတ်ကောင်များ အဝိုင်းခံထားရသည့်နေရာတွင် ရပ်နေကြောင်း လူတစ်ယောက်မျှ သတိမပြုမိပေ။ သူက ထိုသူများ လုပ်နေတာကို မေးလိုက်တော့မှ လူတိုင်းက စိတ်ရှုပ်ထွေးစွာ ရပ်တန့်မိကုန်၏။ သူတို့ နားကြားမှားသလားဟု တွေးမိကုန်သည်။ ဟေးယွီက ယွင်ချဲ့ဆီသို့ ကြိုးစားပမ်းစား ပြေးလာသည်။

"ရှစ်.. ငါကိုသေအောင်ခြောက်လန့်ဖို့ ကြိုးစားနေတာလား။ တိုက်ကွက်တွေကို ဘယ်လိုရှောင်ရမလဲ မသိဘူးလား။ အခြေခံတိုက်ခိုက်ရေးစည်းမျဉ်းကို သင်ပေးရအုံးမှာလား။ မင်းသေတော့မလိုပဲ"

"ချဲ့"

ဟေးယွီက ပေါက်ပေါက်ဖောက်တာ မပြီးသေးခင် ရှင်းဖုန်းက ယွင်ချဲ့ဆီ ကမန်းကတမ်း ပြေးသွားကာ သူ့ကို ဖက်လိုက်၏။ သူက ယွင်ချဲ့ကို တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားပြီး ယွင်ချဲ့၏အနံ့အသက်ကို အငမ်းမရ ရှူနေလေ၏။ ရှင်းဖုန်းက ယွင်ချဲ့သေလွန်ပြီးဟု ထင်ခဲ့တာဖြစ်သည်။ သူ အဆင်ပြေနေတာ တော်သေးသည်။

"ဟူး"

"အာ အင်း အရင်လွှတ်ပေးလို့ရလား"

ယွင်ချဲ့က ရိမန့်တစ်မဆန်တာ မဟုတ်ပေ။ သို့သော် သူ၏နောက်ကျောသည် ဖုတ်ကောင်များကြောင့် ထိခိုက်ထားပြီး အရိုးများကိုတောင် မြင်နေရပြီ ဖြစ်သည်။ ၎င်းက အင်မတန် နာကျင်သည်။ သူသည် စွမ်းအားနယ်မြေထဲသို့ ထွက်မပြေးခဲ့လျှင် သူ အပိုင်းပိုင်း ဆုတ်ဖြဲခံရလောက်သည်။

"ထိခိုက်သွားတာလား။ ပြကြည့်အုံး"

ရှင်းဖုန်းသည် ယွင်ချဲ့၏ ပင့်သက်ရှိုက်သံကို ကြားပြီးနောက် သူ့ကို လွှတ်ပေးလိုက်သည်။ သူက ယွင်ချဲ့ကို လွတ်ပေးပြီး လှည့်ကြည့်လိုက်ရာ နောက်ကျောတစ်ပြင်လုံးတွင် ထိခိုက်ဒဏ်ရာ ခြစ်ရာများကို တွေ့လိုက်ရသည်။ ဒဏ်ရာက သွေးထွက်နေဆဲဖြစ်ကာ ကြည့်ရတာ ကြောက်စရာကောင်း၏။

"ချဲ့"

"အာ့.."

အသိပြန်ဝင်လာချိန်တွင် ချောင်ယန်းနှင့် ထိပ်ဦးအဖွဲ့မှ လူအများအသံက တုန်ရီစွာ ပေါ်ထွက်လာသည်။ ကျန်းယာ့ဖေးဆို ယန်ဟွိုင်အန်း၏ရင်ခွင်ထဲ ဝင်ပြီး ရှိုက်ငိုနေသည်။

"အစ်ကို အစ်ကို အစ်ကို"

ယွင်ချန်က သူ့အစ်ကို၏သွေးနံ့ကို ရပြီးနောက် ပြေးလာတော့သည်။ ချူးဟောင်လင်နှင့် ကျန်သည့်သူများက ဘေးသို့ ဖယ်ပေးလိုက်သည်။ ယွင်ချန်သည် သူ့အစ်ကို၏ဒဏ်ရာများကို မြင်သောအခါ ကြက်သေသေသွား၏။

"အစ်ကို"

ဖုတ်ကောင်တစ်ကောင်က မငိုနိုင်သော်လည်း ယွင်ချန်၏လှိုက်သံက လူတိုင်းကြားနေရသည်။

"ချန်း"

လန်ယဲ့ဟန်သည် ယွင်ချန်း တစ်ခုခု မှားယွင်းသွားသည်ကို သတိထားမိသည်နဲ့ သူ့ကိုချက်ချင်း ထိန်းကိုင်ထားလိုက်သည်။ ယွင်ချဲ့ သွေးအနည်းငယ်သာ ထွက်သည့်အချိန်ကတောင် ယွင်ချန်း စိတ်ရှုးဖောက်လုနီးပါး ဖြစ်သွားတာကို သူ မမေ့ခဲ့ပေ။

"ရှစ်.. အလင်းစွမ်းအားရှင်တွေ ဘယ်မှာလဲ။ သူတို့ကို ခေါ်လိုက်"

ထန်းဝေယဲ့က သူ၏ဦးထုပ်ကို ချွတ်ကာ တပ်သားများကို ဟိန်းဟောက်လိုက်၏။ မြောင်ရှင်းပိုင်က အခြေစိုက် စခန်းကို ချက်ချင်းဆက်သွယ်လိုက်သည်။ ဝေါ်ကီတော်ကီက သိပ်အလုပ်မဖြစ်ပေ။ သူတို့က အခုအခြေစိုက်စခန်းနှင့် ခပ်လှမ်းလှမ်းသို့ ရောက်နေသောကြောင့် ဖြစ်၏။ မြောင်ရှင်းပိုင်က စိုးရိမ်ပူပန်နေသည်။ အနည်းဆုံးတော့ ယွင်ချဲ့က ဗိုလ်ချုပ်ကြီးထန်း၏မြေး ဖြစ်သည်။ ထို့ကြောင့် သူ့အတွက် အရေးတကြီး ကုသပေးရမည်။

"ချန်း ငါ အဆင်ပြေတယ်။ အလင်းစွမ်းအားရှင်တွေဆီက အကူအညီ နည်းနည်းလိုအပ်ရုံပဲ"

ရှင်းဖုန်းကို နှစ်သိမ့်သည့် အကြည့်ပေးပြီးနောက် ယွင်ချဲ့သည် သူ့ညီလေး၏လက်ကို ဆုပ်ကိုင်လိုက်သည်။ ဒဏ်ရာများက ပြင်းထန်စွာ နာကျင်နေပြီး ယွင်ချဲ့နာကျင်မှုကို သည်းမခံနိုင်ဖြစ်နေသည်။ သူ၏နဖူးပေါ်၌ ချွေးပေါက်များ ပြည့်လာတော့သည်။

"အစ်ကို"

"အလင်းစွမ်းအားရှင်တောင် မဟုတ်ဘူး။ သူကိုယ်တိုင် ချက်ချင်း ကျွေးရမယ်"

ယွင်ချဲ့၏ ဒဏ်ရာကြောင့် ယွင်ချန်းသည် စိတ်ရူးဖောက်လို့နီးပါး ဖြစ်သွားသည်။ သို့သော် သူ့အစ်ကိုနှင့် လန်ယဲ့ဟန်သည် သူ ထိုသို့ပြုမူတာကို

သဘောမကျမှန်း သူမှတ်မိသွား၏။ သူ့မျက်နှာလှလှလေးက တွန့်ရှုံ့နေလျက် ထိန်းထားရန် ကြိုးစားနေ၏။ ယွင်ချဲ့ရဲ့အသံက သူ့ကို အသိစိတ်ပြန်ဝင်လာစေသည်။ သူက ယွင်ချဲ့၏လက်ကို ဆုပ်ကိုင်ထားလိုက်၏။ သို့သော် ယွင်ချန် ဘာမှမပြောရသေးခင် ဟေးယွီက သူတို့ဆီကို ခုန်ဝင်လျက် ရှင်းဖုန်းအား ခွေးပုလင်းလေးကို ပစ်ပေးလိုက်သည်။

ရှင်းဖုန်းသည် တခြားသူများထံမှပစ္စည်းများကို လျစ်လျူရှုကောင်း ရှုမည်။ ဟေးယွီထံမှ ပစ္စည်းများကို သူ လျစ်လျူမရှုပေ။ သူက အဖုံးဆွဲဖွင့်လျက် ၎င်းကို စစ်တောင်စစ်မကြည့်ဘဲ ယွင်ချဲ့ပါးစပ်နား တေ့ပေးလိုက်၏။ ယွင်ချဲ့က ငြင်းဆန်ရန် ကြိုးစားပါက အတင်းသောက်ခိုင်းတော့မည်ပမာ သူ ယွင်ချဲ့ကို စိုက်ကြည့်နေသည်။ ရှင်းဖုန်းတင်မက လူတိုင်း၏အကြည့်က ယွင်ချဲ့ဆီ ရောက်နေသည်။ ထိုမျက်ဝန်းများထဲ၌ တူညီသည့်အရာကို ဖော်ပြနေသည်။ ယွင်ချဲ့ ခဏတာ ပျောက်သွားသောကြောင့် သူတို့စိတ်ရှုးဖောက်ကုန်သည်။ ထို့ထက် တစ်စုံတစ်ခု ဖြစ်သွားခဲ့ပါက သူတို့ ဘာလုပ်လိမ့်မည်မှန်း မမှန်းဆနိုင်ချေ။

"ငါ မသောက်ဘူးလို့ မပြောပါဘူး။ မင်းတို့အားလုံး ဘာလို့ငါ့ကို ဒီလိုကြည့်နေတာလဲ"

ယွင်ချဲ့က ပုလင်းကိုယူကာ သောက်ချလိုက်၏။

"ဟမ် ဒါဘာလဲ ဟေးယွီ အား.."

"ချဲ့"

"အစ်ကို"

"ခေါင်းဆောင်ကြီး"

"သူ့ကို မထိနဲ့"

ယွင်ချဲ့ ပုလင်းထဲမှဆေးသည် သူ့လည်မျိုထဲ ဖြတ်သွားပြီးနောက် ပြင်းပြစွာ

နာကျင်လျက် မြေကြီးပေါ် လူးလိမ့်နေရသည်။ ရှင်းဖုန်းနဲ့ ကျန်သည့်သူများက စိုးရိမ်ပူပန်စွာ အော်လိုက်ကာ ဟေးယွီသည် သူတို့ကို ထိန်းထား၏။ ထို့အပြင် သူသည် ဤနေရာ၌ သူ၏အံ့ဖွယ်စွမ်းအားကို အသုံးပြုရန် စိတ်မရှိပေ။ သူသည် သူနှင့်ယွင်ချဲ့ကို ကာကွယ်ရန် ဖောက်ထွင်းမြင်နေရသော အကာအကွယ် အရံအတားတစ်ခုကို ဖြစ်စေလိုက်၏။ ထိုအရံအတားက ပြန့်ကားလာသည်။ ရှင်းဖုန်းနှင့် ကျန်သည့်သူများ နောက်ဆုတ်သွားသည်။ ကိစ္စရပ်က ပိုထူးဆန်းလာ၏။ အရံအတား အလွှမ်းခံထားရစဉ် ပြုတ်ထွက်နေသော ခြေလှမ်းများက ပျောက်ကွယ်သွား၏။

"အား"

အရံအတားထဲ၌ ယွင်ချဲ့သည် မြေပြင်ပေါ်တွင် ပြင်းပြစွာ နာကျင်နေ၏။ သူ့ဘေးရှိ ဟေးယွီသည် ပုံမှန်ခွေးတစ်ကောင်အတိုင်း လဲနေသည်။

"သခင် မကြောက်နဲ့ မကြာမီ အဆင်ပြေသွားလိမ့်မယ်။ သခင်ပြန်ကောင်းလာတဲ့အချိန် ငါအနားယူဖို့ လိုတယ် ငါ့ကို စွမ်းအားနယ်မြေထဲ ပြန်ပို့ပေးပါ။ စွမ်းအင်ချောင်းကို မမေ့လိုက်နဲ့။ တောင်းပန်ပါတယ်။ သတိမပေးလိုက်မိဘဲ မင်းအတွက် ဆုံးဖြတ်ချက်ကို ချလိုက်မိတယ်။ ဒေါသမထွက်ရဘူးနော်။ ဘာလို့ဆို ငါ.. ငါက ငါ့သခင်ကို အများကြီး သဘောကျလို့။ သခင်ဒဏ်ရာရမှာကို မုန်းတယ်"

ဟေးယွီသည် အိပ်ပျော်သွားသည့်ပမာ စကားပြောနေစဉ် မျက်လုံးမှိတ်ကျသွားသည်။ အရံအတားသည် အခြေစိုက်စခန်းမှ ဖုတ်ကောင်များ အားလုံးကို ပိတ်ဆို့ရန် လုံလောက်သည်အထိ ကြီးမားသည်။ လူတိုင်းက အရံအတားအတွင်းရှိ အဖြစ်အပျက်ကို မြင်နိုင်၏။ ထိုသို့တိုင် ဘယ်သူမှ မဝင်သွားနိုင်ပေ။ ထို့အပြင် ထူးဆန်းသော ကိစ္စရပ် ဖြစ်လာသည်။ ဖုတ်ကောင်များသည် လူသားများကို အာရုံမခံနိုင်တော့သည့်ပမာ

အရံအတား၏ တခြားတစ်ဘက်သို့ ဆုတ်ခွာနေပုံရသည်။

"အစ်ကို အစ်ကို"

ယွင်ချန်းသည် သူနှင့် ဝေးသထက်ဝေးသွားသော ယွင်ချဲ့ကို ကြည့်ပြီး အရံအတားပေါ် လက်တင်လိုက်သည်။ ယွင်ချဲ့က မြေပြင်ပေါ်၌ အကြောဆွဲနေသေးမှန်း ဖြစ်သည်။ သို့သော် အရံအတားက မြေတစ်ခုလုံးကို လင်းထိန်စေသည်အထိ တောက်ပနေသောကြောင့် သူတို့က ယွင်ချဲ့၏ နောက်ကျောဒဏ်ရာ ကုသပျောက်ကင်းနေမှန်း ပကတိမျက်လုံးဖြင့် မြင်နိုင်သည်။

"ဟေးယွီက ချဲ့ကို ထိခိုက်အောင် မလုပ်ဘူး။ ဒီမှာ စောင့်ကြရအောင်"

ရှင်းဖုန်းသည် စိုးရိမ်ပူပန်နေသော်လည်း ယွင်ချဲ့၏ ဒဏ်ရာများ ကုသပျောက်ကင်းမည်ဟု သေချာသိသွားသောအခါ သူ မျက်လုံးမှိတ်လျက် သူ၏စိတ်ခံစားချက်များကို ထိန်းထားရန် အသက်ပြင်းပြင်းရှုလိုက်သည်။

"ဟုတ်ပြီ"

ယွင်ချန်းသည် ထိုစကားကို ကြားသောအခါ လိမ်လိမ်မာမာ ထိုင်လိုက်သည်။ သို့သော်..

"ဝါး... ဦးဦး.. ဦးဦးချဲ့ကို လိုချင်တယ်"

လူတိုင်းက လှည့်ကြည့်လိုက်ရာ ချန်ချန်၏ကျယ်လောင်သော ငိုသံကို ကြားလိုက်ရသည်။ ယဲ့ရှင်းချန်သည် ဗိုလ်ချုပ်ထန်းဆီက ချန်ချန်ကို ရင်နာစွာ ခေါ်လိုက်သည်။

"လိမ်မာတဲ့ကလေး သားရဲ့ဦးဦးက ကောင်းသွားလိမ့်မယ်။ ဟေးယွီက သူ့ကို ကုသပေးနေတာ မကြာမီ ပြီးသွားမှာ။ မငိုနဲ့ ဟုတ်ပြီလား"

ဤနေရာတွင် လူအားလုံး ရှိနေလေရာ ချန်ချန်အတွက် ယွင်ချဲ့၏အချစ်သာလျှင် အသန်မာဆုံးဖြစ်ပြီး ယဲ့ရှင်းချန်ထက် ပိုသန်မာသည်။ ယဲ့ရှင်းချန်သည် ချန်ချန်၏မျက်ရည်ကို မြင်သောအခါ မျက်လုံးများ နီလာသည်။

"ဒါ တကယ်လား"

ချန်ချန်က ရှိုက်လျက် ပါးပေါ်ရှိ မျက်ရည်လုံးများဖြင့် မေးလိုက်သည်။ လူဆိုးများက ဦးဦးချဲ့ကို သတ်လိမ့်မည်ဟု သူတို့ဆိုခဲ့သည်။ ဦးဦးချဲ့က အာထရာမန်းဖြစ်ပြီး သေမှာမဟုတ် သူတို့ အမှန်တရားကို ပြောနေတာ မဟုတ်ပေ။

"ဟုတ်တယ် ဦးဦးကို မယုံရင် ခေါင်းဆောင်ရှင်းနဲ့ သားရဲ့ဦးဦးချန်းကို မေးကြည့်လေ"

ယဲ့ရှင်းချန်သည် ကျန်းရှန်ဆီမှ လက်ကိုင်ပဝါကို ယူကာ ကောင်လေးကို ခေါင်းညိတ်ပြပြီး မျက်ရည်သုတ်ပေးလိုက်၏။ ရှင်းဖုန်းက ချန်ချန်ကို ကြည့်လိုက်သည်။ သူတို့က အရံအတား အပြင်ကနေ မလှုပ်တော့သည့် ယွင်ချဲ့ကို ကြည့်နေသည်။ သူ့ခန္ဓာကိုယ်နားတစ်ဝိုက် ရောင်ခြည်စက်ဝန်းတစ်ခု ရှိနေသည်။

"တွေ့လား သားရဲ့ဦးဦးက တောက်ပနေတာပဲ။ တီဗီထဲက အာထရာမန်းက တောက်ပလာပြီးရင် ပိုသန်မာလာတယ်မလား။ ဒီတော့ သားရဲ့ဦးဦးလည်း အဲ့လိုပဲ။ ချန်ချန် သားက ယောကျာ်းတစ်ယောက် အလွယ်တကူ မငိုရဘူး။ ဟုတ်ပြီလား"

"သိပြီ"

ရှင်းဖုန်းသည် ယွင်ချဲ့ကိုကြည့်ပြီးနောက် ချန်ချန်ကို ကြည့်လိုက်သည်။ ကောင်လေးက မျက်ရည်များကို သုတ်လိုက်သည်။ သူ၏ဦးဦးချဲ့က သူ အလွယ်တကူ မငိုရကြောင်း ပြောတာကို သူမှတ်မိသွားသည်။

"လိမ္မာတဲ့ကလေး"

ရှင်းဖုန်းသည် ချန်ချန်ကို ဖက်လျက် ထိုင်ချလိုက်သည်။ သူ၏မျက်လုံးက ယွင်ချဲ့ကို တည်ငြိမ်စွာ ကြည့်နေသေးသည်။ သို့သော် အခုအချိန် ခံစားချက်

မည်မျှဆိုးရွားနေမှန်း သူသာလျှင် သိသည်။

ထန်းကျန့်ထင်းသည် တိတ်ဆိတ်နေသော လူငယ်များကို ကြည့်ပြီး မျက်လုံးများ စိုလာသည်။ ထန်းဝေယဲ့က သူ့အဘိုးကို ထိန်းကိုင်ပေးထားလျက် အသံတိုးတိုးဖြင့်ပြောလိုက်သည်။

"အဘိုး အနားယူဖို့ အခြေချစခန်းကို ပြန်သွားလိုက်အုံး။ ကျွန်တော် ဒီမှာ စောင့်နေလိုက်မယ်။ သတင်းထူးလာရင် ပြောပြမယ်"

"ဟုတ်ပြီ သူတို့ကို တစ်ခုခုစားဖို့ သတိပေးအုံး"

ထိုလူငယ်လေးများအတွက် သူ စိုးရိမ်ပူပန်နေရုံသာ တတ်နိုင်မှန်း သိနေ၏။ အရံအတား အတွင်းရှိ ယွင်ချဲ့ကို တစ်ချက်ကြည့်ပြီးနောက် ဗိုလ်ချုပ်ကြီးက ထွက်သွားတော့သည်။

***